# ကရင်အမျိုးသားတော်လှန်ရေးနှင့်အတူ မျိုးဆက်သစ်များ၏ စည်းလုံးညီညွတ်သော စုပေါင်းပါဝင်မှုဖြင့် ကော်သူးလေ ကို တည်ဆောက်ကြစို့

နေရာကတော့ KNU လွတ်မြောက်ဒေသ တစ်နေရာ

- KNU ကိုယ်စားလှယ် အပါအဝင် အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာကိုယ်စားလှယ်ပေါင်း (၁၃၀) ကျော် တက်ရောက်သည်။
- အစည်းအဝေးကို ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂)ရက်နေ့အထိ ကျင်းပပြုလုပ်ပါသည်။

ပထမနေ့ ဖေဖော်ဝါရီလ (၉) ရက်

- အလံတော်ကို အလေးပြုခြင်း၊
- Karen National Constitution ပြုလုပ်ရသည့်အကြောင်းရင်းနှင့် ရည်ရွယ်ချက်ကို KNU တွဲဘက် အထွေထွေအတွင်းရေးမှူး ပဒိုစောလှထွန်းက ရှင်းပြသည်။ KNU ဥက္ကဋ္ဌ ပဒိုကွယ်ထူးဝင်းက အဖွင့်လမ်းညွှန် မိန့်ခွန်း ပြောပါသည်။
- သက်ဆိုင်ရာနိုင်ငံအလိုက် ကိုယ်စားလှယ်များကို မိမိတို့အခြေအနေကို တင်ပြသွားပါသည်။
- KNU နိုင်ငံရေးနှင့်စည်းရုံးရေးကော်မတီ၊ နိုင်ငံရေးလုပ်ငန်းကောင်မတီဝင်များက KNU ၏ လက်ရှိ နိုင်ငံရေး အခြေအနေနှင့် ကော်သူးလေ တည်ဆောက်ရေးအခြေအနေများကို ဆွေးနွေးတင်ပြခြင်းဖြင့် ပထမနေ့ ကုန်ဆုံးခဲ့ပါသည်။

ဒုတိယနေ့ ဖေဖော်ဝါရီ (၁၀) ရက်

- KNU အုပ်ချုပ်ရေးနှင့်လူမှုရေးကော်မတီ၊ အုပ်ချုပ်ရေးနှင့်စွမ်းရည်မြင့်တင်ရေးကော်မတီ နှင့်ဌာနများက KNU ကရင်အမျိုးသားအစည်းအရုံး၏ ကော်သူးလေအုပ်ချုပ်ရေးတည်ဆောက်မှု အခြေအနေကို ဆွေးနွေးပြခဲ့ပြီး ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

- KWO နှင့်  KYO ကိုယ်စားလှယ်များက တာဝန်ယူပြီး KNU ကရင်အမျိုးသားအစည်းအရုံး၏ ကော်သူးလေ အုပ်ချုပ်ရေးတည်ဆောက်မှုတို့တွင် (KCBOs / KCSOs) အဖွဲ့များ၏ ကြိုးပမ်းဆောက်ရွက်မှုများကို တင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။
- KNU ကာကွယ်ရေးဌာနနှင့် KNLA – KNDO ဌာနဆိုင်ရာ ကိုယ်စားလှယ်များက စစ်ဖက်ဆိုင်ရာနှင့် စစ်ရေး အခြေအနေများကို တင်ပြပြီး ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ဖြေကြားခြင်းပြုခဲ့သည်။
- CIDKP/KORD – (KERT AND BERT) အဖွဲ့က Refugee IDP and Humanitarian Assistance ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်သော ပြည်သူများနှင့် လူသားချင်းစာနာထောက် ထားမှုနှင့် အကူအညီလုပ်ငန်းများ ကို ဆွေးနွေးတင်ပြခဲ့ပြီး ဒုတိယနေ့အစီအစဉ်ပြီး စီးခဲ့သည်။

(တတိယနေ့) ဖေဖော်ဝါရီလ (၁၁) ရက်

- KNU ကရင်အမျိုးသားအစည်းအရုံးက ဦးဆောင်ပြီး (၇၈) နှစ်မြောက်  ကရင်အမျိုးသားနေ့ အခမ်းအနား ကျင်းပပါသည်။
- ထိုနေ့မှာပင် နိုင်ငံတကာတိုင်းပြည်အသီးသီးတို့တွင် KNU – Representative ကိုယ်စားလှယ်များထား ရှိရန်နှင့် ဆက်သွယ်ရေး လုပ်ငန်းများကို KNU ဗဟိုနိုင်ငံခြားရေးဌာနမှ ဆွေးနွေးတင်ပြပါသည်။
- ထိုနေ့တွင် KNU အဖွဲ့များနှင့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက ၂၀၂၄ ခုနှစ် ဒီဇင်ဘာတွင် ပြန်လည် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သော မာနယ်ပလော ဌာနချုပ်နှင့် သူးမွဲထ၊ သော်လဲထ စသော ဒေသများ လေ့လာခရီးတွင် နယ်မြေခံရဲဘော်များနှင့်အတူ တွေ့ဆုံအားပေး ကူညီခြင်းများပြုလုပ်ခဲ့ကြပါသည်။

(စတုတ္ထနေ့) ဖေဖော်ဝါရီ ၁၂ ရက်

- ကရင်တော်လှန်ရေးအတွင်း ကော်သူးလေးတည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် နိုင်ငံအလိုက် KNU ကိုယ်စားလှယ်များထားရှိရေး၊ ပြည်ပတွင်ရှိသော ကရင်အမျိုးသားလက်တွေ့ ပါဝင်လာနိုင်ရေး အတွက် အောက်ပါ လုပ်ငန်းကဏ္ဍများ ခွဲခြားပြီးဆွေးနွေးကြပါသည်။

- ၎င်းတို့မှာ

    (၁)နိုင်ငံရေးဆိုင်ရာ

    (၂) အုပ်ချုပ်ရေးဆိုင်ရာ

    (၃) စစ်ဖက်ရေးရာနှင့်စစ်ရေးဆိုင်ရာ

    (၄) လူမှုရေးဆိုင်ရာ (Refugee IDP and Humanitarian Assistance)

    (၅) နိုင်ငံခြားရေးဆိုင်ရာ (KNU's Rep and Advocacy)

- အုပ်စုလိုက်ဆွေးနွေးချက်များကို တင်ပြခြင်း
- လူအရင်းအမြစ်ရရှိရေးတည်ဆောက်ခြင်း
- ရှေ့လုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးရရှိခဲ့သော အချက်အလက်နှင့်သဘောထားများကို စုစည်းပြီးတင်ပြခဲ့လေသည်။
- KNLA တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် စဖားလုံးဟိန်းက တိုက်တွန်း အားပေး စကားပြောကြားလေသည်။
- နိုင်ငံတကာကိုယ်စားလှယ်တစ်ဦးက ကိုယ်စားပြုပြီး ကျေးဇူးတင်စကားပြောကြားသည်။
- အစည်းအဝေးဖြစ်မြောက်ရေးကော်မတီက ကျေးဇူးတင်စကားပြောကြားပြီး
- KNU ဥက္ကဋ္ဌ ပဒိုကွယ်ထူးဝင်း က အစည်းအဝေးနိဂုံးချုပ်စကားပြောကြားသည်။
- Karen National Constitution အစီအစဉ်အား ကရင်အမျိုးသားသီချင်းဖြင့် ရုပ်သိမ်းလိုက်သည်။